နိုင်ငံတကာတွင် နည်းပညာများ အချိန်နှင့်အမျှ တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲနေချိန်တွင် အဆိုပါ နည်းပညာတို့က ဥပဒေကို စိန်ခေါ်နေသည်ဖြစ်ရာ ဥပဒေ ပြဋ္ဌာန်းချက်တို့သည်လည်း နည်းပညာနှင့်လိုက်လျောညီထွေဖြစ်ရန် လိုအပ်လာပေသည်။

အမှုအခင်းများ ဖြစ်လာပြီး စီရင်ခွင့်ရ တရားရုံးများတွင် နစ်ဖက်ရင်ဆိုင်သည့်အခါ တရားရုံးရှေ့မှောက်သို့ သက်သေခံ အထောက်အထားများ တင်သွင်းကြရာတွင် အဓိက ဖြစ်သည်မှာ သက်သေခံအက်ဥပဒေ (The Evidence Act) ပင် ဖြစ်သည်။ ယင်းအက်ဥပဒေကို တိုးတက်လာသည့် နည်းပညာများအလိုက် ပြင်ဆင်ချက်များပြုရာတွင် ယင်းနည်းပညာများကို လွှမ်းခြုံစေရေး ပြဋ္ဌာန်းနိုင်မှုက အဆုံးအဖြတ် ပေးနိုင်သောကြောင့် ဖြစ်ပါသည်။ အဆိုပါ အက်ဥပဒေသည် အိန္ဒိယပြည်တွင် ပြဋ္ဌာန်းထားရာမှ မြန်မာပြည်သို့ အာဏာသက်ရောက်လာပြီး ယနေ့တိုင် အတည်ဖြစ်ဆဲ ဥပဒေ ဖြစ်ပါသည်။

၁၈၇၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော အဆိုပါ အက်ဥပဒေကို၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က သက်သေခံ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း၍ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုခဲ့ပါသည်။ သို့သော်လည်း လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နည်းပညာများ တိုးတက်ပြောင်းလဲမှုတွင် AI ခေါ် ဉာဏ်ရည်တု နည်းပညာကပါ ထိုးဖောက်ဝင်ရောက်လာနေပါသည်။

သို့ဖြစ်ရာ ဤစာအုပ်တွင် မျက်မှောက်တရားစီရင်ရေး၌ အီလက်ထရောနစ် သက်သေခံချက်ကို မည်သည့်အခါတွင် မည်သူတို့က သက်သေခံ ဝင် မဝင် အဆုံးအဖြတ်ပြုသင့်ကြောင်းကို တရားရုံး စီရင်ချက်နှင့် စီရင်ထုံးများကို လေ့လာ တင်ပြချက်များ၊ မြန်မာနိုင်ငံတည်ဆဲဥပဒေများကို အိန္ဒိယ၊ စင်ကာပူနိုင်ငံတို့မှ ဥပဒေ ပြဋ္ဌာန်းချက်များနှင့် နှိုင်းယှဉ်လေ့လာ တင်ပြချက်များဖြင့် သုံးသပ် ဖော်ပြထားပါသည်။

# မာတိကာ


| | |
|---|---|
| ❑ မိတ်ဆက်စကား | ၁ |
| ❑ နိဒါန်း | ၅ |
| ၁။ စာတမ်းအမှတ်အသား | ၇ |
| ၂။ အီလက်ထရောနစ်မှတ်တမ်း | ၁၈ |
| ၃။ သတင်းအချက်အလက် | ၂၂ |
| ၄။ အိန္ဒိယနိုင်ငံ၏ ဖြည့်စွက်ပြဋ္ဌာန်းမှု | ၂၇ |
| ၅။ အေအိုင်နှင့် အိန္ဒိယနိုင်ငံ | ၄၆ |
| ၆။ မြန်မာနိုင်ငံ၏ ဖြည့်စွက်ပြဋ္ဌာန်းမှု | ၄၉ |
| ၇။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ စီရင်ချက်တစ်ခု | ၅၉ |
| ၈။ တရားရုံးက မှတ်ယူနိုင်ခြင်း | ၆၃ |
| ၉။ ကျွမ်းကျင်သူ | ၇၂ |
| ၁၀။ စကားရပ် အဓိပ္ပာယ် ဖွင့်ဆိုမှုများ | ၈၃ |
| ၁၁။ တရားရုံးသို့ တင်ပြခြင်း | ၈၇ |
| ၁၂။ တရားရုံးက မှတ်ယူနိုင်ရန် တင်ပြရခြင်း | ၉၃ |
| ၁၃။ မူရင်း သက်သေခံချက်နှင့် ဒုတိယအဆင့် သက်သေခံချက် | ၁၀၂ |
| ၁၄။ ဥပဒေ၏ ဟာကွက်တစ်ရပ် | ၁၀၆ |
| ၁၅။ အမှုသည်များက သက်သေခံ တင်သွင်းခြင်း | ၁၁၀ |
| ၁၆။ စီစီတီဗီ နည်းပညာများ | ၁၁၉ |
| ၁၇။ စီဒီချပ်ဖြင့် တင်ပြခြင်း | ၁၂၃ |
| ၁၈။ ဒုတိယအဆင့် သက်သေခံအတွက် စီရင်ထုံးအချို့ | ၁၂၉ |
| ၁၉။ စီဒီချပ်ကို ခွင့်ပြုခဲ့သည့် စီရင်ထုံး | ၁၃၅ |
| ၂၀။ တရားရုံးက သက်သေခံ တင်ပြမှု လက်ခံခြင်း | ၁၃၉ |
| ၂၁။ အေအိုင်နှင့် မြန်မာနိုင်ငံ | ၁၄၇ |
| ❑ နိဂုံး | ၁၅၃ |